


# “ဒို့များ ချစ်ရသော ပင်လယ်”

## -တတိယအကြိမ်မြောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကလေးသူငယ်များ ပန်းချီ ပြိုင်ပွဲ-

---

### ■နိဒါန်း

**“ဒို့များရဲ့ ပန်းချီကားတွေကတစ်ဆင့် ပင်လယ်ကြီး နဲ့ ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်မယ်”**

သားသားမီးမီးတို့ရဲ့ ပင်လယ်ကြီးဟာ အမျိုးမျိုးသော အမှိုက်သရိုက် အညစ်အကြေး တွေနဲ့ ရာသီဥတု အပြောင်းအလဲတွေကြောင့် တဖြည်းဖြည်း ပျက်စီးလာနေတယ်။ ချစ်ရတဲ့ သားသားမီးမီးလေးတို့ရဲ့ စိတ်ကူးစိတ်သန်းကောင်းတဲ့ ပန်းချီပုံလေးတွေကို တစ်ခြား မသိရှိသေးတဲ့ သူငယ်ချင်းတွေ ဦးဦး၊ဒေါ်ဒေါ်၊ကိုကို၊မမများကို ပင်လယ်ကြီးက ဘယ်လောက်တန်ဖိုးရှိကြောင်း၊ ပင်လယ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းက ဘယ်လောက်အရေးကြီးကြောင်း၊ သဘာဝပတ်ဝန်းကျင်နဲ့ ကမ္ဘာကြီး ကို ကာကွယ်စောင့်ရှောက်ခြင်းက ဘယ်လောက်အရေးကြီး ကြောင်းဖော်ပြပေးရမှာ ဖြစ်ပါတယ်။

※ပြိုင်ပွဲဝင် သားသားမီးမီတို့ဟာသဘာဝပတ်ဝန်းကျင်မှာရှိတဲ့ အမှိုက်သရိုက်၊အညစ်အကြေးတွေအအကြောင်း၊ သဘာဝပတ်ဝန်းကျင်နဲ့ ကမ္ဘာကြီး ကို ကာကွယ်စောင့်ရှောက်ခြင်း ဟာ ဘယ်လောက်အရေးကြီးကြောင်း ပန်းချီကားများရေးဆွဲရမှာဖြစ်ပြီး၊ခေါင်းစဉ်နှင့်အကိုက်ညီဆုံးပန်းချီကားများကိုအွန်လိုင်းနဲ့ပြင်ပပြပွဲတွေကတစ်ဆင့် အသိပညာပေးပန်းချီကားတွေအဖြစ်မွမ်းမံပြီး တစ်ကမ္ဘာလုံးမှာရှိတဲ့ကြည့်ရှုသူတွေဆီကို မှတ်တမ်းတင်ဂုဏ်ပြု ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**အဏ္ဏဝါထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းအား ကလေးသူငယ်များနှင့် အတူဆောင်ရွက်ခြင်း ပြပွဲ**

**ကမ်းခြေတွင် ကလေးသူငယ်များ၏ ပန်းချီများနှင့် အခြားအနုပညာလက်ရာ များကို ခင်းကျင်းပြသထားခြင်း (ဆိုရက်တံတား၊ ဆော့ချို မြို့၊ ကိုရီးယားနိုင်ငံ)**






**အနုပညာ ပြပွဲ (အွန်လိုင်းနှင့် ပြင်ပ)**







**■အကြောင်းအရာ** **※[မှတ်ချက်] သင်၏ အနုပညာလက်ရာသည် အောက်ဖော်ပြပါ အဓိကအချက်များထဲမှ တစ်ခုဖြစ်ရမည်။**

### 1) ငါ ချစ်ရတဲ့ ပင်လယ်

**-အဓိကအချက်များ** # မျိုးသုဉ်းပျောက်ကွယ်လုနီး ပင်လယ်နေမျိုးစိတ်များ # ရေနေသတ္တဝါများ #သမုဒ္ဒရာရေညှိမြက်ခင်းပြင် #သန္တာကျောက်တန်း #ဒီရေတော/လမုတော

### 2) ပင်လယ်ကြီးနဲ့ ငါ့ရဲ့ အိပ်မက်

**-အဓိကအချက်များ** #ရေကြောင်း သိပ္ပံပညာရှင် #ပင်လယ်ရေကြောင်းလမ်းပြ #ငါးဖမ်းသမား #ပင်လယ်ပြင်ရေအောက် လေ့လာရေးစက်ရုပ်တီထွင်သူ #ပင်လယ်ရေကြောင်း လေ့လာစောင့်ကြည့်သူ #ပင်လယ်ရေငုပ်သမား # သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူ #ရေကြောင်း ဇီဝဗေဒပညာရှင် #ရေကြောင်း အင်ဂျင်နီယာ #ပင်လယ်နှင့်ဆက်စပ်သော အလုပ်လုပ်ကိုင်သူ # ကျွန်ုပ် ဖန်တီးချင်သော ပင်လယ်နှင့်ဆက်စပ်သည့် အလုပ်တစ်ခု

### 3) ပင်လယ်နှင့် ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ခြင်း

**-အဓိကအချက်များ** #ကမ္ဘာကြီးပူနွေးလာမှု #အဏ္ဏဝါကြမ်းပြင်ရှိကြွင်းကျန်အညစ်အကြေးများ #မိုက်ခရိုပလတ်စတစ်ခေါ် အဏုဇီဝပ လက်စတစ်အမှုန်အမွှားများ # သမုဒ္ဒရာအတွင်းဆီယိုဖိတ်မှု # ရေဒီယိုသတ္တိကြွအညစ်အကြေးများ #သမုဒ္ဒရာအတွင်းအက်ဆစ်ဓာတ်ဖြစ်ပေါ်ခြင်း #ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း # သမုဒ္ဒရာအတွင်းဂေဟစနစ်များ ပျက်သုဥ်းခြင်း # အလွန်အကျွံငါးဖမ်းခြင်း # ရေနေသတ္တဝါများထိန်းသိမ်းစောင့်ရှောက်ထားသောသတ်မှတ်နေရာ # စွန့်ပစ်ငါးဖမ်းပိုက်အဟောင်းများ (ငါးဖမ်းပစ္စည်းများ)

| |
|---|
| **ကျေးဇူးပြုပြီးသင်၏ ကလေး ကို အောက်ပါ အစီအစဥ်အတိုင်း ညွှန်ပြပေးပါ။**<br>①သင်ဆွဲလိုသော ပန်းချီကား၏ အကြောင်းအရာနှင့် အချက်အလက်ကို ရွေးချယ်ပါ<br>(※ သင်၏ အနုပညာလက်ရာသည် အကြံပြုထားသော အချက်အလက်ထဲမှ အနည်းဆုံးတစ်ခုနှင့် ကိုက်ညီရမည်)<br>② သတ်မှတ်ထားသော အချက်အလက်နှင့် ဆက်စပ်သောသတင်းအချက်အလက်များ ပိုမိုရရှိရန် အင်တာနက်၊ သတင်းမှတ်တမ်းများ၊ နှင့် စာအုပ်များကို လေ့လာကြည့်ရှုပါ<br>③သင်၏ ဇာတ်လမ်းကို ရွေးချယ်ထားသော အကြောင်းအရာနှင့် အချက်အလက်နှင့် အညီ သရုပ်ဖော် ရေးဆွဲပါ |

## ■အသေးစိတ်အချက်အလက်များ

1) အသက်အပိုင်းအခြား - အသက် ၄ နှစ်မှ ၁၂ နှစ်အတွင်း ( ၂၀၁၁ နှစ်မှ ၂၀၁၉ အတွင်း မွေးဖွားသူများသာ)
2) လျှောက်ထားနိုင်သည့် အချိန် - ၃ ရက် ဇူလိုင် မှ ၃၀ ရက် ဇူလိုင် ၂၀၂၃အထိ
3) စာရွက်အရွယ်အစား - စတုရန်းပုံသဏ္ဍာန် ပုံဆွဲစာရွက် ( အလျား-အနံ, ၂၅၀ မီလီမီတာ x ၂၅၀ မီလီမီတာ သို့ ပို၍ကြီးသောအရွယ်အစား)
4) ပုံဆွဲပစ္စည်း ကိရိယာများ - ကန့်သတ်ထားခြင်းမရှိပါ
   ※ [မှတ်ချက်] ဒီဂျစ်တယ်နည်းပညာ အသုံးပြု ဖန်တီးထားသော အနုပညာလက်ရာ၊စာ နှင့် ပန်းချီကားများ ကို လက်ခံမည်မဟုတ်ပါ
5) လျှောက်ထားရန် - အွန်လိုင်း (※ ပြိုင်ပွဲ ဝက်ဘ်ဆိုက် ကို ဝင်ရောက်ကြည့်ရှုပါ)
6) အရွေးချယ်ခံရသူများကို ကြေညာခြင်း - ၁၆ ဩဂုတ်လ ၂၀၂၃ (ပြိုင်ပွဲ ဝက်ဘ်ဆိုက် မှ တစ်ဆင့်ကြေညာပါမည်)

## ■ ဆုများ

| အမည် | အသက်၄-၆ (အဆင့် က) | အသက်၇-၉ (အဆင့် ခ) | အသက် ၁၀-၁၂ (အဆင့် ဂ) | အသေးစိတ် အချက်အလက် |
|---|---|---|---|---|

| | | | | |
|---|---|---|---|---|
| ပင်လယ်ဆုတံဆိပ်<br>(ရွှေ) | ၁ | ၁ | ၁ | #ဆုတံဆိပ်(အီးမေးလ်မှတစ်ဆင့်<br>အကြောင်းကြားပါမည်)<br>#HUMAN IN LOVE အဖွဲ့မှ<br>ကလေးသူငယ်များအတွက်<br>သဘာဝပတ်ဝန်းကျင်အသိပညာပေး<br>စာအုပ်များကို မိခင်နိုင်ငံ၏ ကျောင်းများ<br>(သို့)မြို့အအတွင်း(နိုင်ငံအတွင်း)<br>စာကြည့်တိုက်များဆီသို့ အရွေးချယ်ခံရသူ<br>ကလေးအမည် နှင့် လိပ်မူပြီး<br>ပို့ဆောင်ပေးပါမည်။<br>(တစ်ဦးလျှင် အမေရိကန်ဒေါ်လာ<br>၂၀၀တန်ဖိုးရှိ စာအုပ်များ) |
| ပင်လယ်ဆုတံဆိပ်<br>(ငွေ) | ၂ | ၂ | ၂ | # ဆုတံဆိပ်(အီးမေးလ်မှတစ်ဆင့်<br>အကြောင်းကြားပါမည်)<br>#HUMAN IN LOVE အဖွဲ့မှ<br>ကလေးသူငယ်များအတွက်<br>သဘာဝပတ်ဝန်းကျင်အသိပညာပေး<br>စာအုပ်များကို မိခင်နိုင်ငံ၏ ကျောင်းများ<br>(သို့)မြို့အအတွင်း(နိုင်ငံအတွင်း)<br>စာကြည့်တိုက်များဆီသို့ အရွေးချယ်ခံရသူ<br>ကလေးအမည် နှင့် လိပ်မူပြီး<br>ပို့ဆောင်ပေးပါမည်။<br>(တစ်ဦးလျှင် အမေရိကန်ဒေါ်လာ<br>၁၅၀တန်ဖိုးရှိ စာအုပ်များ) |
| ပင်လယ်ဆုတံဆိပ်<br>(ကြေး) | ၃ | ၃ | ၃ | # ဆုတံဆိပ်(အီးမေးလ်မှတစ်ဆင့်<br>အကြောင်းကြားပါမည်)<br>#HUMAN IN LOVE အဖွဲ့မှ<br>ကလေးသူငယ်များအတွက်<br>သဘာဝပတ်ဝန်းကျင်အသိပညာပေး<br>စာအုပ်များကို မိခင်နိုင်ငံ၏ ကျောင်းများ<br>(သို့)မြို့အအတွင်း(နိုင်ငံအတွင်း)<br>စာကြည့်တိုက်များဆီသို့ အရွေးချယ်ခံရသူ<br>ကလေးအမည် နှင့် လိပ်မူပြီး<br>ပို့ဆောင်ပေးပါမည်။<br>(တစ်ဦးလျှင် အမေရိကန်ဒေါ်လာ<br>၁၀၀တန်ဖိုးရှိ စာအုပ်များ) |
| ထူးချွန်ဆု<br>(ကိုရီးယား ) | ၁ | ၁ | ၁ | |
| အထူးဆု | ၆ | ၆ | ၆ | # ဆုတံဆိပ်(အီးမေးလ်မှတစ်ဆင့်<br>အကြောင်းကြားပါမည်) |
| ဖွဲ့လုံ့လ ဆု | ၁၂ | ၁၂ | ၁၂ | # ဆုတံဆိပ်(အီးမေးလ်မှတစ်ဆင့်<br>အကြောင်းကြားပါမည်) |
| အွန်လိုင်း ထူးချွန်ဆု | | | | |
| ပင်လယ်ကြီးရဲ့မိတ်ဆွေများ | ဒါဇင်နှင့်ချီသော ကလေးသူငယ်များ | | | # ဆုတံဆိပ်(အီးမေးလ်မှတစ်ဆင့်<br>အကြောင်းကြားပါမည်) |
| ပင်လယ်ကြီးအကြောင်းကျွမ်းကျင်သူများ | ဒါဇင်နှင့်ချီသော ကလေးသူငယ်များ | | | |
| | | | | |

| ပင်လယ်ကြီးအားစောင့်လျှောက်သူများ | ဒါဇင်နှင့်ချီသော ကလေးသူငယ်များ | |
|---|---|---|

## ■ ဆုရွေးချယ်ခြင်း

| အမှတ် | အသေးစိတ်ရှင်းလင်းချက် | ဆုံးဖြတ်ချက်အကြောင်းအရာ |
|---|---|---|
| ပထမ အဆင့် ဆုရွေးချယ်ခြင်း | ပထမဆုံးအဆင့် ဆုရွေးချယ်ခြင်းတွင် သတ်မှတ်အရေအတွက် ထူးချွန်ကျောင်းသားများ၏ ပန်းချီများကို ရွေးချယ်သွားမည်ဖြစ်သည်။ | -အနုပညာလက်ရာသည် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှု အဆင့်များအတွက် အထောက်အကူပြုပါသလား။<br>-အနုပညာလက်ရာသည် ဆရာဆရာမ တစ်ဦးဦး သို့ အခြားတစ်ဦးတစ်ယောက် မှ အလုံးစုံ လမ်းညွှန်ပံ့ပိုးမှုကို မခံယူပဲ ရေးဆွဲထားပါသလား။<br>-အနုပညာလက်ရာသည် အဏ္ဏဝါထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း ကို ဦးတည်သင်ကြားပြသခြင်း ဖြစ်ပါသလား<br>-အနုပညာလက်ရာသည် ကလေးသူငယ်၏ ရိုးသားမှုနှင့်တီထွင်ကြံဆမှုကိုဖော်ပြပါသလား (အထူးသဖြင့် ရေးဆွဲခြင်းနှင့် ဆေးရောင် ခြယ်သမှုများတွင်)<br>-အနုပညာလက်ရာသည် ကလေးသူငယ်၏ တီထွင်ဖန်တီးထားသော သရုပ်ဆောင်များပါဝင်ပါသလား။ |
| ဒုတိယအဆင့် ဆုရွေးချယ်ခြင်း | ဆု များကို ဇကာတင်ရွေးချယ်ထားသောပန်းချီကား များထဲမှ ဆုရွေးချယ်ရေးကော်မတီဝင်များက | -သင့်လျော်ခြင်း - အနုပညာလက်ရာသည် အကြောင်းအရာနှင့် လိုက်လျောညီထွေမှုရှိပါသလား<br>- တီထွင်ဖန်တီးနိုင်ခြင်း - |

| | | |
|---|---|---|
| | ရွေးချယ်မည်ဖြစ်သည်။ | အနုပညာလက်ရာသည် အခြားသူများနှင့်ယှဉ်လျှင်ကိုယ်ပိုင်တီထွင်ကြံဆမှုကို တွေ့ရှိပါသလား။<br>- ဖော်ပြနိုင်ခြင်း - အနုပညာလက်ရာသည် ပါဝင်ယှဉ်ပြိုင်သူ ကလေးသူငယ်၏ အတွေးအမြင်များကို ကောင်းမွန်စွာဖော်ပြနိုင်ပါသလား။<br>- ရိုးရှင်းမှု - အနုပညာလက်ရာသည် ကလေးသူငယ်၏ ရိုးရှင်းသောစိတ်ထားကို လှပစွာခြယ်မှုန်းထားခြင်း ဖြစ်ပါသလား။ |

## ■လျှောက်ထားရန်

1) သင်၏အနုပညာလက်ရာကိုကို သတ်မှတ်ထားသော အကြောင်းအရာများနှင့် အဓိကအချက်များထဲမှ တစ်ခုကိုရွေးချယ်ပြီး ပုံဖော်ပါ။

2) သင်၏ အတွေးအမြင်များကို**<u>စတုရန်း</u>**ပုံသဏ္ဍာန် ပုံဆွဲစာရွက်ပေါ်တွင် ပုံဖော်ပါ။ (၂၅၀မီလီမီတာ x ၂၅၀မီလီမီတာ (သို့) ပို၍ကြီးသောအရွယ်အစား)

# (မှတ်ချက် ၁) အလျားနှင့် အနံ တူညီသော **<u>စတုရန်း</u>**ပုံသဏ္ဍာန် စာရွက်တစ်ရွက်

# (မှတ်ချက် ၂) ပုံဆွဲပစ္စည်း ကိရိယာများ - ကန့်သတ်ထားခြင်းမရှိပါ။


# (မှတ်ချက် ၃) ဒီဂျစ်တယ်နည်းပညာ အသုံးပြု ဖန်တီးထားသော အနုပညာလက်ရာ၊စာ နှင့် ပန်းချီကားများ ကို လက်ခံမည်မဟုတ်ပါ။

3) သင်၏ ပုံ/အနုပညာလက်ရာကို (ဒီဂျစ်တယ် ကင်မရာ၊ စမတ်ဖုန်း၊ သို့ စကန်နာအသုံးပြု၍) ဒီဂျစ်တယ် ရုပ်ပုံကားချပ် (.jpg, .jpeg, .png) အဖြစ်ပြောင်းပါ။

# (မှတ်ချက် ၁) သင်၏ အနုပညာလက်ရာ/ပုံ ကို အလင်းရောင်ကောင်းစွာရရှိသောနေရာတွင် တုန်ခါမှုမရှိစေဘဲ ဓာတ်ပုံရိုက်ပါ ( အကယ်၍ စမတ်ဖုန်း သို့ ဒီဂျစ်တယ်ကင်မရာ အသုံးပြုသူ ဖြစ်ပါက)

# (မှတ်ချက် ၂) ဒီဂျစ်တယ်ဓာတ်ပုံသည် ကြည်လင်ပြတ်သားမှုရှိရမည်ဖြစ်ပြီး ပမာဏ 5MB ထပ်မကျော်ရပါ။

# (မှတ်ချက် ၃) ပန်းချီကားသည် ဒီဂျစ်တယ်ဓာတ်ပုံတွင် အလုံးစုံဖော်ပြပြီးဖြစ်ရမည်။



4) ပြိုင်ပွဲဝက်ဘ်ဆိုက်ကို ဝင်ရောက်လေ့လာပြီး ပါဝင်လျှောက်ထားပါ။

#(မှတ်ချက် ၁) သင်၏ ကိုယ်ရေးအချက်အလက် နှင့် မိတ်ဆက် စာစုကို ဖြည့်စွက်ပါ။ ( အင်္ဂလိပ်ဘာသာဖြင့်)

# (မှတ်ချက် ၂)သင်၏ ဒစ်ဂျစ်တယ် ဓာတ်ပုံကို "သင့်နာမည်_အနုပညာလက်ရာ၏အမည်" ဤကဲ့သို့ အမည်ပေးပါ။ (ဥပမာ၊ 'John Adams_A festival of whales')

5) သင်၏ မူရင်း အနုပညာလက်ရာ/ပန်းချီကား ကို အနိုင်ရရှိသူဆုကြေညာပြီးသည် အထိ လုံခြုံစွာသိမ်းဆည်းပါ။
မူရင်းပုံကို HUMAN IN LOVEအဖွဲ့မှ စစ်ဆေးကြည့်ရှုပြီးမှသာ နောက်ဆုံးအနိုင်ရရှိသူကို အတည်ပြုမည်ဖြစ်သည်။

## ■ အရေးကြီးသော မှတ်ချက်များ

- ပြိုင်ပွဲကို ကလေးတစ်ဦးလျှင် အနုပညာလက်ရာ တစ်ခုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။
- အနုပညာလက်ရာသည် ကလေးသူငယ်ကိုယ်တိုင် ဖန်တီးရေးဆွဲထားခြင်းဖြစ်ရမည်။ အနုပညာလက်ရာတစ်ခုလုံးကို ဆရာ၊ဆရာမတစ်ဦးဦး၊ မိဘ၊ နှင့် အခြားတစ်ဦးဦးမှ ကူညီပြသခြင်းကို စစ်ဆေးတွေ့ရှိခဲ့လျှင် ပထမအဆင့် ဆုရွေးချယ်ခြင်းမှ ပယ်ဖျက်ပါမည်။
- အကယ်၍ သင်၏ အနုပညာလက်ရာ/ပန်းချီကား သည် မူပိုင်ခွင့်ချိုးဖောက်မှုတစ်ခုခုနှင့် ငြိစွန်းနေသည်ဟု ဆုရွေးချယ်သော အဖွဲ့မှ စစ်ဆေးတွေ့ရှိခဲ့လျှင် ပေးအပ်ထားသော ဆုတံဆိပ်ကို အလိုအလျောက်ပယ်ဖျက်သွားမည်ဖြစ်သည်။
- အကယ်၍ သင်၏ အနုပညာလက်ရာ/ပန်းချီကား သည် တုပ/ကူးယူထားခြင်း (ဥပမာ အခြားပြိုင်ပွဲများမှ ဆုရ ပန်းချီကားများ၊ သင်ရိုးများ၊ သတင်းစာများ၊ မဂ္ဂဇင်းများတွင် ဖော်ပြထားပြီးဖြစ်သော အနုပညာလက်ရာများ) ဖြစ်ခဲ့လျှင် ပေးအပ်ထားသော ဆုတံဆိပ်ကို အလိုအလျောက်ပယ်ဖျက်သွားမည်ဖြစ်သည်။
- သင်၏ အနုပညာလက်ရာတွင် အကြမ်းဖက်မှုများ၊ အများသူငှာကို ထိတ်လန့်ခြောက်ခြားခြင်းဖြစ်စေမှု များ ပါဝင်နေလျှင် ဆုရွေးချယ်ခြင်းမှ ပယ်ဖျက်သွားမည်ဖြစ်သည်။
- ပြိုင်ပွဲဝင်သူသည် စတုရန်းပုံသဏ္ဌာန် ပုံဆွဲစာရွက် ပေါ်တွင် ရေးဆွဲ ရမည်။ ( ပုံဆွဲစာရွက်၏ အလျားနှင့် အနံသည် တူညီရမည်). အကယ်၍ သင်၏ ပန်းချီကားသည် ထောင့်မှန်စတုဂံပုံသဏ္ဌာန် ဖြစ်ခဲ့လျှင်၊ ပြိုင်ပွဲဝင်ကလေးသူငယ်များအတွက် အားနည်းချက်တစ်ခုဖြစ်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဆုရွေးချယ်ရေးအဖွဲ့သည် လေးဒေါင့်ပုံသဏ္ဌာန်တွင် ပါဝင်သော ပန်းချီ အစိတ်အပိုင်းကိုသာ ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။
- အကယ်၍ သင်၏ အနုပညာလက်ရာသည် ဆုအဖြစ် အရွေးချယ်ခံရလျှင်၊ HUMAN IN LOVE(HIL) အဖွဲ့မှ ဆက်သွယ်ပါမည်။ ပြီးနောက်သင်၏ အနုပညာလက်ရာ မူရင်းကို HUMAN IN LOVE(HIL)အဖွဲ့သို့ တင်သွင်းရမည်ဖြစ်သည်။ အကယ်၍ မူရင်းအနုပညာလက်ရာကို မတင်သွင်းနိုင်ခဲ့လျှင် ပေးအပ်ထားသော ဆုတံဆိပ်ကို အလိုအလျောက်ပယ်ဖျက်သွားမည်ဖြစ်သည်။
- တင်သွင်းထားသော အနုပညာလက်ရာများ၏ မူပိုင်ခွင့်နှင့် ပိုင်ဆိုင်မှုဆိုင်ရာကို HUMAN IN LOVE(HIL)
  အဖွဲ့မှ စီမံသွားမည်ဖြစ်သည်။ HUMAN IN LOVE(HIL)အဖွဲ့ သည် ၎င်းအနုပညာလက်ရာများကို

အသိပညာပေး ပစ္စည်းများအဖြစ်မွမ်းမံပြီး အဏ္ဏဝါထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းပြပွဲများတွင် အသုံးပြုသွားမည်ဖြစ်သည်။

Hosted by Human in Love Organized by Human in Love Sponsored by KOREAN Re

In cooperation with GRADUATE SCHOOL OF EDUCATION KYUNG HEE UNIVERSITY CHILDREN'S ART EDUCATION, PLASTICMAN INSTITUTE, CARESS, K.M.F.R.I., MYANMAR ocean PROJECT, มหาวิทยาลัยวลัยลักษณ์ WALAILAK UNIVERSITY, vida Instituto para la Protección del Medio Ambiente

